mgyoe.com

# ဦးတား
# တောမလိုလား
# ဆန့်ကျင်ဘက်သာ
# ဦးတား

# WHAT EVER YOU THINK, THINK THE OPPO-SITE.

by
PAUL
ARDEN

မြင့်စိုးလွင်
ပြန်ဆိုသည်။

mgyoe.com


mgyoe.com

# ဝင်းတား တွေးမလိုလား

# WHAT EVER YOU THINK, THINK THE OPPOSITE.

# ဆန့်ကျင်ဘက်သာ ဝင်းတား

by
PAUL
ARDEN



မြင့်စိုးလှိုင်
ပြန်ဆိုသည်။

mgyoe.com

mgyoe.com

စဥ်းစားတော့မလို့လား ဆန့်ကျင်ဘက်သာစဥ်းစား
မြင့်စိုးလှိုင်

ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၄၄၁ ၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၅၈၀ ၀၇၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အပ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) |

၁၇၇
မြင့်စိုးလှိုင်
စဥ်းစားတော့မလို့လားဆန့်ကျင်ဘက်သာစဥ်းစား /
မြင့်စိုးလှိုင်- ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၁၄၄ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) စဥ်းစားတော့မလို့လားဆန့်ကျင်ဘက်သာစဥ်းစား

၂၀၁၂၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၀၀၀ ကျပ်


mgyoe.com

mgyoe.com

# WHATEVER YOU THINK THINK THE OPPOSITE.

**PAUL ARDEN**, author of the world's bestselling book

mgyoe.com

mgyoe.com

ဒီစာအုပ်က ခပ်ညံ့ညံ့ ဆုံးဖြတ်ချက်တွေ ချရာကနေ
ရလာမယ့် အကျိုးအမြတ်တွေအကြောင်း ရှင်းပြထားတာပါ။

---

ဘဝမှာ ကိုယ့်အတွက် ဘေးကင်းလုံခြုံမှုရှိဖို့
ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ ဖော်ပြထားတယ်။

---

ကျိုးကြောင်းယုတ္တိမဲ့တာက ကျိုးကြောင်းယုတ္တိရှိတာထက်
ဘာကြောင့် ပိုကောင်းတယ်ဆိုတာလည်း ပါတယ်။

---

အံ့စာတုံးကို လှိမ့်ရာမှာ ယုံကြည်စိတ်ချမှု
ရှိလာစေမယ့် အကြောင်းတွေပေါ့။

---

mgyoe.com

mgyoe.com

စဉ်းစားတဲ့နေရာမှာ ဒီနည်းက များတယ်။

ဒါပေမယ့် အောင်မြင်ဖို့ကျတော့ ဒီနည်းက မှန်တယ်။

mgyoe.com


mgyoe.com

# ဆုံးဖြတ်ချက် အမှားအယွင်းရေ
# ကျွန်တော်တို့တွေ ဝပြ


mgyoe.com

mgyoe.com

# ချရင်း အမှန်အကန် ညာခြေနဲ့
# လှမ်းထွက်လိုက်ကြရအောင်



mgyoe.com



mgyoe.com

၇' ၄ ၁/၄" အိုလံပစ်စံချိန်၊ ၁၉၆၈

# အနာဂတ်ဆီ ကျောပေးပြီး လာသူ

၅' ၈" အိုလံပစ်စံချိန်၊ ၁၉၆၈ မတိုင်မီ

mgyoe.com

mgyoe.com

၁၉၆၈ ခုနှစ်၊ မက္ကဆီကို အိုလံပစ်ပွဲမတိုင်ခင်အထိတော့၊ အမြင့်ခုန်အားကစားသမားတစ်ယောက်အနေနဲ့ တန်းပေါ် ကျော်ရာမှာ ခန္ဓာကိုယ်ကို တန်းနဲ့ မျဉ်းတစ်ပြေးတည်း ထား ပြီး ခုန်ရတာဟာ သမားရိုးကျနည်းပဲ။ ဒီခုန်နည်းစနစ်ကို အနောက် မဟာန်လှိမ့်ခုန်နည်း (ဝမ်းလျားမှောက်ခုန်နည်း)လို့

သိထားကြတယ်။ ဒါပေမဲ့ အဲဒီနည်းပြောင်းလဲဖို့ ဖြစ်လာ တယ်။

လူသိမများသေးတဲ့ အမြင့်ခုန်အားကစားသမားတစ်ယောက် က ကမ္ဘာ့စံချိန် အမြင့် ၇ ပေ ၄ လက်မမှာ တင်ထားတဲ့ တန်းဆီ လွှားခနဲ တက်လာတယ်။ သူ လွတ်သွားတယ်။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်က တန်းပေါ် မျက်နှာအပ်လျက် ဖြစ်ရ မယ့်အစား တန်းပေါ်ကျောပေးပြီး တက်လာတာ။

ခြေစုံကြွပြီး တန်းပေါ်ကို နောက်ပြန်ပစ်တင်ရင်း ကျော်လိုက် တယ်။

သူ့နာမည်က ဒစ်ခ် ဖော့စ်ဘာရီ၊ သူ ခုန်တဲ့နည်းကိုလည်း ဖော့စ်ဘာရီခုန်နည်းလို့ လူသိများတယ်။ ဒီကနေ့အထိ သူ့ နည်းစနစ်ကို သုံးနေကြတုန်းပဲ။

လူတကာနဲ့ ဆန့်ကျင်ခြားနားပြီး စဉ်းစားတွေးတောခြင်း အားဖြင့် သူဟာ အများသူငါ ခုန်နိုင်တာထက် ပိုပြီးမြင့် အောင် ခုန်နိုင်ခဲ့တယ်။

ခုပေးတဲ့ ဥပမာဟာ စဉ်းစားတွေးတောပုံ နည်းလမ်းတစ်ခုသာ ဖြစ်တယ်။ ဒါပေမဲ့ ဒီနေရာမှာ တွေးနည်းစနစ်ကနေ ခုန်နည်း စနစ် ဖြစ်လာတယ်။ ရှုတ်ခနဲဆို လွတ်သွားရာကနေ အောင်မြင်မှုအဖြစ် ပြောင်းသွားတယ်လေ။

mgyoe.com

mgyoe.com


# ပန်းပွင့်တွေကို ဓာတ်ပုံရိုက်ရအောင်

ပထမဦးဆုံး အပြစ်အနာမရှိတဲ့ ပန်းတစ်မျိုးမျိုးကို ကျွန်တော်တို့ ရွေးမယ်။ ပြီးရင် အဲဒီပန်းကို ဂရုတစိုက် နေရာချမယ်။ လှလှပပ ဖြစ်အောင် အလင်းပေးမယ်၊ နောက် အပေါ်ကနေ ရေမှုန်ရေမွှားကလေးလည်း ဖျန်း သပ်လိုက်ဦးမယ်။


ဒါဆို လှတော့ လှမှာပါ။ ဒါပေမဲ့ အတိုင်းအတာတစ်ခု အထိပဲပေါ့။ ဘာပြုလို့လဲဆိုတော့ ပန်းလှလှပုံကလေး တွေထောင်သောင်းမက ကျွန်တော်တို့ တွေ့ဖူးပြီးသား ကိုး။

ဒီတော့ ကျွန်တော်တို့ ရိုက်မယ့်ပုံကို အမှတ်တရ ဖြစ်နေ အောင် ဘယ်လိုလုပ်ကြမလဲ။

၁၉၃၀ စုနှစ်တွေတုန်းက အနုဒရေးကားတစ်ဘ်င် ရိုက်ကူးခဲ့တဲ့ ညှိုးနေတဲ့ ကျူးလစ်ပန်းတစ်ပွင့်ပုံ။ ဒီပုံကို တစ်ခါ မြင်ဖူးရင် မေ့လို့ရမှာ မဟုတ်ဘူး။


ဓာတ်ပုံဆရာ အက်ဒရီယန်ဖလားဝါးစ်ဆိုတဲ့လူက သူ့ကို လူသိများအောင် ရိုက်ပြလိုက်တဲ့ပုံ။ ပုံထဲမှာ ပန်းအိုးပဲ ပါတယ်။ ပန်းတွေပါမလာဘူး။






mgyoe.com

mgyoe.com





အာဝင်းပဲန်ကတော့ ခုလို ရိုက်ပြတယ်။ ပြီးပြည့်စုံလန်းဆန်းတဲ့ ပန်းတစ်ပွင့်ကို ရိုက်မယ့်အစား ကြွေကျမြောခနေတဲ့ ပန်းတစ်ပွင့်ကို ပြည့်စုံအောင် ရိုက်ပြထားတယ်။


လွန်ခဲ့တဲ့ နှစ်ပေါင်း ရှစ်ဆယ်တုန်းက သိပ္ပံဓာတ်ပုံဆရာ ကားလ်ဘလော့ဖ်စ်ဖဲ့လ်ဆို ရိုက်လိုက်ရင်ပုံတွေက အံ့အားသင့်စရာတွေမို့ တစ်ခါတစ်ခါ ဘာကို ရိုက်ထားမှန်းတောင် မသိဘူး။ ခုတွေ့ရတဲ့ ပုံကအပင်တစ်ပင်ဆိုတာထက် မိုးမျှော်အဆောက်အအုံတစ်ခုနဲ့ ပိုပြီး တူမနေဘူးလား။

အလုပ်သဘောတစ်ခုကို အဖြေထုတ်ပြတဲ့နေရာမှာ ဒါတွေအားလုံးနည်းလမ်းများပါတယ်။ ပြဿနာတစ်ခုအနေနဲ့ဆိုရင်တော့ ဒါတွေအားလုံးဟာ လှပတဲ့ ဖြေရှင်းမှုပါပဲ။

mgyoe.com

mgyoe.com

# ဒီဟာက ပုံနှိုင်တာ မဟုတ်ဘူး



စာရေးဆရာကောင်းတွေက ရေး၊ ဒီဇိုင်းအပြင်အဆင် ကောင်းကောင်း၊ အနှစ်သာရ ကောင်းကောင်း စာအုပ် တစ်အုပ်ကိုပြားငါးဆယ် (ငါးမူး) နဲ့ ရောင်းသတဲ့။

ပေါက်ပေါက်ရှာရှာ။

၁၉၃၄ ခုနှစ်တုန်းကတောင် မရဘူး။

စာအုပ်ရောင်းတဲ့လူတွေက ပင်ပွင့်တိုက်ကို ပြောကြ တယ်။

"ငါးကျပ်နဲ့ ရောင်းတာတောင် မမြတ်တဲ့ဟာ၊ တစ်အုပ် ကို ငါးမူးနဲ့ ဘယ်လိုလုပ် ရောင်းနိုင်ပါ့မလဲ"တဲ့။ စာရေးဆရာတွေကဆို သူတို့အတွက် စာမူခ ရခိုင်နှုန်း တွေတော့ဆုံးရှုံးကုန်ပါလိမ့်မယ်လို့ တွေးကြတယ်။

mgyoe.com

mgyoe.com



ထုတ်ဝေသူတွေဘက်ကလည်း သူတို့ တိုက်ထုတ် စာအုပ်တွေကို အဖုံးပျော့နဲ့ ပုံနှိပ်ထုတ်ဝေဖို့ သဘော မတူနိုင်ကြဘူး။

ဂူးလ်ဖ်ဒ့်သ် ကုန်တိုက်တစ်တိုက်ပဲ သူက ဘယ်ပစ္စည်း ဖြစ်ဖြစ် ငါးမူးထက်ပိုရင် တင်ရောင်းတာ မဟုတ်လို့၊ သူနဲ့ လက်တွဲဖြစ်သွားတယ်။

ပုံနှိပ်ထုတ်ဝေတဲ့လုပ်ငန်းအနေနဲ့ ကြည့်ရင်တော့ ဒါဟာ မတော်မတည့် စိတ်ကူးပဲ။

ပင်ဂွင် စာအုပ်တိုက်တည်ထောင်သူ အယ်လင်လိန်းက ဆန့်ကျင်ဘက်ကို တွေးခဲ့တယ်။

ကျုန်တာကတော့ သမိုင်း ဖြစ်သွားပြီလေ။

mgyoe.com

mgyoe.com

# ဟုတ်ပြီဆို
# ခလုတ်နှိပ်လိုက်ရုံပါပဲ

၁၈၈၁ ခုနှစ်တုန်းက အငယ်တန်းစာရေး ဂျော့ချ်အီစ်မဲန် ဆိုသူဟာ ကိုယ့်အရပ် ကိုယ့်ဒေသမှာ ပုပန်ကြောင့်ကြ စရာမလိုတဲ့ ဘဏ်ဝန်ထမ်းအလုပ်ကနေ ထွက်ပြီး ဓာတ်ပုံလုပ်ငန်းကုမ္ပဏီတစ်ခု စ ထောင်လိုက်သတဲ့။

ဒါပေမဲ့ စိတ်ဝင်စားဖို့ကောင်းတဲ့ အပိုင်းက ဒီနေရာမှာ စတာ။

နောက်ခုနစ်နှစ်ကြာတော့ သူ့ကုမ္ပဏီနာမည်ကို 'Kodak' 'ကိုဒက်ခ်'လို့ ပြောင်းမှည့်လိုက်တယ်။ ဘာကြီးမှန်းလည်း မသိဘူး။ နာမည်က အဓိပ္ပာယ် မရှိသလို၊ အဲဒီခေတ်တုန်းက အရေးပါတဲ့ ကုန်ပစ္စည်းတွေကို ဘယ်သူကမှ ပေါက်တတ်ကရ နာမည်တွေ ပေးလေ့ ပေးထလည်း မရှိပါဘူး။


ဒီနာမည်ရွေးရတာနဲ့ ပတ်သက်လို့ အီစ်မဲန်ရဲ့ အကြောင်းပြချက်တွေထဲမှာတော့ နာမည်က တိုတို တုတ်တုတ် ရှိလို့တဲ့။ အသံထွက် မှားစရာလည်း မရှိဘူးတဲ့။ ပြီးတော့ တခြား ဘယ်နာမည်နဲ့မှလည်း ပတ်သက်မနေဘူးတဲ့။

ဒီကနေ့လို အချိန်ထိ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းကြီးတွေထဲမှာ ဒီလို အတွေးမျိုး မတွေးနိုင်ကြသေးဘူး။

ဒါမျိုးက စွန့်ဦးတီထွင်လုပ်ငန်းရှင်လောက်ပဲ တတ်နိုင်တာကလား။

mgyoe.com


mgyoe.com



mgyoe.com

mgyoe.com


ဒီဉစ္စာက မျက်မမြင်တွေဖတ်တဲ့ ဖောင်းကြွစာလုံးနဲ့ ဆွဲထားတဲ့ ပန်းချီကာ
'မကိုင်ရ' ဆိုတာမှန်းသိဖို့က ကိုင်ကြည့်တဲ့နည်း တစ်နည်းပဲ ရှိတယ်ကို
ဆန့်ကျင်ဘက် စဉ်းစား တွေးတောပုံနဲ့ ပတ်သက်လို့လည်း အတော်ကော



မကိုင်ရ ။

mgyoe.com

မမြင် စာလုံးကို ဖတ်ကြည့်လိုက်တော့ 'မကိုင်ရ' တဲ့။ ဒါပေမဲ့ အဲဒီ
ဉ့်စကားနဲ့ ကိုယ့် ရှေ့နောက်မညီဖြစ်နေပုံက တော်တော် မိတယ်၊
ဥပမာပဲ။



mgyoe.com

mgyoe.com


# ဖက်ရှင်မကျတဲ့ ဒေါက်မြင့်ကြီး

ဖက်ရှင်ကြိုက်သူတွေ အားကျအောင် ဖန်တီးလုပ်ကိုင်တဲ့ လူတွေဟာ ဖက်ရှင်ပုံစံ ကျလောက်တဲ့ဟာနဲ့ တော်တော်ဆန့်ကျင်ခြားနားတာကိုမှ ရွေးပြီး လုပ်တတ်ကြတယ်။

သူတို့မို့ တစ်ခုခု ဖန်တီးကြည့်၊ ဖက်ရှင်မကျတာ ခေတ်နဲ့မကိုက်တာ တလွဲတချော် ဖြစ်မယ့်ဟာချည်းပဲ။

ပင်ကို စိတ်ကူးဖြစ်အောင် ပင်ကို ထွင်ဉာဏ်ကောင်းသူတွေမှ ဖန်တီးနိုင်တာပါ။ ဒီလူတွေဟာ မွေးရာပါဗီဇအရ ဖြစ်စေ၊ ထိုးထွင်းဉာဏ်အရ ဖြစ်စေ၊ တစ်မူကွဲပြားမှုရဲ့ တန်ဖိုးသိကြတယ်။ ဘာမဟုတ်တာကလေးကနေ အန္တရာယ်ကြီးသွားနိုင်မှန်းလည်း သဘောပေါက်ကြတယ်။

၁၉၇၀ စု နှစ်ဆန်းပိုင်းတွေတုန်းက ဗီဇီယန် ဝက်စ်ဝုဒ်နဲ့ မယ်လ်ကွမ်း မက္ကလာရင်တို့နှစ်ယောက် ပေါင်းပြီး လန်ဒန်မြို့၊ အောက်စ်ဖို့ဒ်လမ်းမှာ အဲဒီခေတ်တုန်းက အမြင်နဲ့ ဘယ်လိုမှ ဖက်ရှင်မကျတဲ့ ဆိုင်တစ်ဆိုင် ဖွင့်ခဲ့ကြတယ်။

သူတို့ဆိုင်နာမည်က ‘ရွံ့[illegible]က်ကိုမှ တသသ’တဲ့။ အဝတ်အထည်တွေက သူတို့ ခေတ်ထက် အနှစ်သုံးဆယ်လောက်ရှေ့ရောက်နေတယ်။ ဝတ်မယ့်လူမရှိ၊ ဝယ်မယ့်လူမရှိ ဖြစ်နေတာပေါ့။

မကြာပါဘူး၊ ဆိုင်ပိတ်လိုက်ရတယ်။

mgyoe.com

ဒီလိုလုပ်တာကို မိုက်မဲတဲ့အလုပ်လို့ ခေါ်မလား၊ ပြောင်မြောက်တဲ့ အလုပ်လို့ ခေါ်မလား။
သူတို့နှစ်ယောက်သာ အဲဒီအလုပ်ကို စိတ်ဓာတ်ရော၊ သတ္တိပါ အားကောင်းမောင်းသန်နဲ့ မလုပ်ဖြစ်ခဲ့ကြရင်၊ ကျွန်တော်တို့ လက်ထက်မှာ အင်မတန်လေးစားစရာကောင်းတဲ့ ဒီဇိုင်းသမားနှစ်ယောက်အဖြစ် ဘယ်ပေါ်ပေါက်နိုင်ပါ့မလဲ။



mgyoe.com

mgyoe.com

# အပြုမှန်တယ် ဆိုတာ

တစ်ခါတုန်းက အောက်စ်ဖို့ဒ် တက္ကသိုလ်နားက ချားဝဲလ် မြစ်ထဲ ရေဆင်းချိုးတဲ့ ပါမောက္ခကြီးတစ်ယောက်အကြောင်း ပြောရဦးမယ်။ သူရေဆင်းချိုးတဲ့နေရာက 'ပါဆင့်စိတ်ကြိုက်'လို့ ခေါ်တဲ့နေရာတဲ့။ အဲဒီနေရာမှာ ရေကူးရင် ကိုယ်လုံးတီးကူးကြတဲ့ အလေ့ရှိတယ်။

ပါမောက္ခကြီးက ရေထဲ စိမ်နေရာက အပေါ်တက်မလို့ ထအရပ်၊ ဘွဲ့ကြို ကျောင်းသူပျိုဖြူတစ်စုက သူ့အနားကနေ လှေတစ်စီးနဲ့ ဖြတ်အသွား တည့်တည့်တိုးပါလေရော။ ဒီမှာတင် ဆရာကြီးက မျက်နှာသုတ်ပဝါ ကပျာကယာ ဆွဲတဲ့ပြီး၊ သူ့မျက်နှာကို လုံအောင် အုပ်ထားလိုက်သတဲ့။



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ဒါက ကိုယ့်ဘက်က ဆုံးဖြတ်ချက်တွေ အချိုးမှားလို့ ဖြစ်တာ မဟုတ်ဘူး။ မှန်လို့ ဖြစ်တာ။

ကိုယ့်ရှေ့မှာ ရှိနေတဲ့ အချက်အလက်တွေကို အခြေပြုပြီး၊ သင့်တင့်လျောက်ပတ်တဲ့ ဆုံးဖြတ်ချက်တွေ ချမြှပ်အောင် ကျွန်တော်တို့ ကြိုးစားကြတယ်။

သင့်တင့်လျောက်ပတ်တဲ့ ဆုံးဖြတ်ချက်တွေချရာမှာ ဖြသာနာ က လူတိုင်း ဒီလိုပဲ လုပ်တတ်ကြတယ်ဆိုတာပဲ။



mgyoe.com

mgyoe.com

## ကျွန်တော် ဖြစ်စေချင်တာက .....

ကျွန်တော် ဖြစ်စေချင်တာက ... ဆိုတာ
"တကယ်ရှိ ...... ဆိုရင်
ကောင်းတာပေါ့နော်" ရှိ အစီပွားယ်ရတယ်။

ကိုယ်က မှန်တဲ့ဆုံးဖြတ်ချက်၊ အနှောက်ကယ်
ကင်းတဲ့ ဆုံးဖြတ်ချက်မျိုးပဲ အများနည်းတူ
ဆုံးဖြတ်နေမယ်ဆိုရင်၊ ကျန်တဲ့လူတွေနဲ့
ကိုယ်နဲ့ ဘာထူးတော့မှာလဲ၊ အတူတူပဲ
ဖြစ်နေမှာပေါ့။

အမြဲတမ်းဖြစ်စေချင်တဲ့မှာက ....
ဘဝဆိုတာ တစ်မူထူးရတယ် ဆိုတာပဲ။

mgyoe.com

mgyoe.com

# ကျွန်တော် လိုချင်တာက ……

ကျွန်တော်လိုချင်တာက …. ဆိုတာ
"တကယ်လို့ ကျွန်တော်သာ မရမနေ လိုချင်ရင်ရမှာပါ" လို့
အဓိပ္ပာယ်ရတယ်။

ကိုယ်လိုချင်တာ ရတယ်ဆိုတာ ကိုယ်လိုချင်တဲ့အရာကို ရအောင်လုပ်ဖို့လိုအပ်တဲ့ဆုံးဖြတ်ချက်တွေချရတာဖြစ်တယ်လို့ ဆိုလိုတယ်။

ကိုယ်ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေက ကိုယ် ဘာလုပ်သင့်တယ်လို့ ဝိုင်းပြီး ချမှတ်ပေးတဲ့ဆုံးဖြတ်ချက်တွေ မဖြစ်စေရဘူး။
အန္တရာယ်ကင်းတဲ့ ဆုံးဖြတ်ချက်မျိုးချတာကျတော့လည်း ငြီးငွေ့စရာကြီးပါ။ ဘာဖြစ်လာမယ်မှန်း ကြိုသိနေသလို၊ တစ်ခါလာလည်း ဒီဘူတာပဲ ဆိုက်မှာလေ။
အန္တရာယ်မကင်းတဲ့ ဆုံးဖြတ်ချက်မျိုးကျတော့ အရင် ကိုယ်မတွေးဖူးတဲ့ ထောင့်ကနေ တွေးဖို့ တုံ့ပြန်ဖို့ လိုအပ်တယ်။

နောက်ပြီး အဲဒီ အတွေးကနေ ကိုယ်လိုချင်တာ ရဖို့ အထောက်အကူပြုမယ့် တခြားအတွေးတွေဆီ ပို့ပေးဦးမှာ။

မကောင်းမကန်း ဆုံးဖြတ်ချက်တွေသာ ချလိုက်စမ်းပါ။ တခြားလူတွေ အိပ်မက်မက်ဖို့လောက် မက်ဖူးတဲ့ အရပ်တွေဆီ သူက ကိုယ့်ကို ခေါ်သွားပါလိမ့်မယ်။

mgyoe.com

mgyoe.com

# စိတ်ကူးထဲတော့ ချောနေတာပေ့ါ

စိတ်အားတက်စရာကောင်းတဲ့ဘ၀ကို လူတိုင်းလိုချင်တောင့်တကြတာမှန်ပေမယ့်၊ အများစုက နွားသိုးကို ချိုကိုင်ပြီးစီးရမယ်ဆို စီးရဲကြတာ မဟုတ်ဘူး။


ဒီတော့ စိတ်အားတက်စရာကောင်းတဲ့ ဘ၀ရအောင် ခပ်လွယ်လွယ်ရွေးလို့ရတာပဲ ရွေးလိုက်ကြတယ်။

ကိုယ့်မှာ စိတ်အားတက်ဖို့အရေး ကိုယ်တိုင်မလှုပ်ရှားဘဲ သူများဆီကသာ တစ်ဆင့်ခံ ရယူတတ်ကြတယ်။

သူတို့ကိုယ် သူတို့ ကမ္ဘာ့ဆိုးပေကြီးတွေနဲ့ တစ်တန်းတည်းထားပြီး၊ နည်းနည်းပါးပါးတော့ အရောင်ကလေး ဘာလေးတင်တတ်ကြတယ်။ ကိုယ့်ကိုယ်ကိုယ် ဖွန်လင်နွန်လိုလို၊ အားနက်စ် ဟဲမင်းဝေးလိုလို၊ ဂျော့ချ်ဘက်စ်တို့၊ လီယမ် ဂါလာဂါတို့၊ လယ်နီဘရုစ်၊ ဂျဲနစ်ဂျော့ပ်လင်၊ ဒါမီယန် ဟာ့စ်ထ်၊ အယ်န်ဒီ ဝါးဟိုးလ်တို့လိုလို ဘာလိုလိုပေါ့လေ....။

အဲ .... လူ လက်မခံနိုင်လောက်တဲ့၊ နောက်ပြီး ဘယ်သောင် ဘယ်ကမ်းဆိုက်မယ်မှန်း မသိတဲ့ ဆုံးဖြတ်ချက်မျိုးချဖို့လည်း ကြုံရော ... အဲဒီလူတွေ အချိုးတစ်ချိုး ပြောင်းသွားကြပါလေရော။

mgyoe.com



mgyoe.com


ကိုယ် မလုပ်ခဲ့မိတဲ့ဟာထက် လုပ်ခဲ့မိတာအပေါ်
နောင်တရတာက ပိုကောင်းပါတယ်၊

---

လူအတော်များများက အသက်လေးဆယ်ပြည့်ခါမှပဲ ဘဝမှာ တလွဲတချော်ဖြစ်ခဲ့မှန်း သဘောပေါက်တတ်ကြတယ်။

ကိစ္စအတော်များများကလည်း သူတို့အတွက် အဆင်ချောနေတယ်လေ။ တိုက်ပွဲဝင် လက်အိတ်ပစ်ပေးလိုက်ရင် ကောက်ဝတ်ရဲတဲ့ သတ္တိမရှိတာလေးတစ်ခုက လွဲလို့ပေါ့။

မအောင်မြင်ရကောင်းလားဆိုပြီး ခင်ဗျားညာဘက်လက်မောင်းကို ဘယ်သူမှ လာမဖြတ်ပါဘူး။ ခင်ဗျားမော်တော်ဆိုင်ကယ်လည်း လာမသိမ်းဘူး။ ထောင်ထဲလည်း ခင်ဗျားကို ဆွဲမသွင်းဘူး။

ကျွန်တော့် သူငယ်ချင်းတစ်ယောက်ဆို သူ့အဖေက အိုင်ယာလန်တော်လှန်ရေးအဖွဲ့နဲ့ ဆက်ဖူးလို့ဆိုပြီး စိတ်အနှောင့်အယှက် ဖြစ်နေရှာတယ်။ ဒါနဲ့ သူ့အဖေဆီ သွားပြီး အကြံဉာဏ်တောင်းတယ်။

"အဖေ .... ကျွန်တော်တို့တော့ ခက်ပြီ"လို့ သူက ပြောတယ်။


အဖေလုပ်သူက မေးတယ်။ "သူတို့က မင်းကို သတ်ပစ်ကြမှာလား"တဲ့။

"ဗျာ ... ဟင့်အင်း၊ မသတ်ပါဘူး"လို့ ပြန်ဖြေတယ်။

သူ့အဖေက ပြောလိုက်တယ်။ "ငါ့သား ဒါဆို မင်းမှာ ပြဿနာ မရှိပါဘူးကွာ"တဲ့။

mgyoe.com

မဝံ့မရဲ ဖြစ်နေတဲ့ကြားကပဲ ဘေးကင်းရန်ကင်းလည်း လှုပ်ရှား
ချင်သပဆို၊ ကိုယ် ဘာတွေ လက်လွှတ် ဆုံးရှုံးနိုင်မလဲဆိုတာ
စိတ်ကူးကြည့်လို့ရအောင် ကျွန်တော်တို့ ခဏလောက်တော့
ဆိုင်းသင့် နားသင့်တယ်။



အင်္ဂလိပ်တစ်ဦးချင်းရဲ့ ရည်မှန်းချက် ပန်းတိုင်ကတော့
ကိုယ့်အုတ်ဂူဆီ လိပ်ပြာသန့်သန့်နဲ့ ရောက်ဖို့ပါပဲ။


ရွှန်ကလိစ်

mgyoe.com



mgyoe.com

mgyoe.com




ခင်ဗျား အိပ်မက်တွေထဲထည့်မက်ထားတဲ့ အိမ်တစ်လုံးကို ဖြစ်မြောက်အောင် ခင်ဗျား မဆောက်နိုင်ပါဘူး။


ဒါကြောင့်မို့လည်း အဲဒီအိမ်က ခင်ဗျားစိတ်ကူးထဲက အိမ်ပဲ ဖြစ်နေတာပေါ့။

ဒီတော့ အဲဒီအိမ် ကိုယ့်လက်ထဲရောက်အောင် နည်းလမ်းတစ်ခုရင်လည်း တွေ့အောင်ရှာ (ခင်ဗျား နည်းလမ်းတွေ တွေ့မှာပါ) ဒါမှမဟုတ် မကျေနပ်စိတ်နဲ့ပဲ ကျေနပ်နေပေါ့ဗျာ။

mgyoe.com

mgyoe.com

ဆုံးဖြတ်ချက်တွေ
ဆုံးဖြတ်ချက်တွေ
ဆုံးဖြတ်ချက်တွေ



mgyoe.com

mgyoe.com

နောက်ကြောင်းပြန်ကြည့်လိုက်ရင် ခင်ဗျားအနေနဲ့ နောင်တရစရာ အကြောင်းတွေ ရှိမှာပါ။

ခင်ဗျား ဆုံးဖြတ်ချက် မှားခဲ့တာပဲ။

မှားတယ်။

ခင်ဗျား ဆုံးဖြတ်ချက် မှန်ခဲ့သားပဲ။

ဘဝဆိုတာ ဆုံးဖြတ်ချက်တွေနဲ့ ဆိုင်တယ်ဗျ။

၁။ ငါလက်ငင်းအသုံးဝင်မယ့် ကားတစ်စီးဝယ်ရ ကောင်းမလား၊ ပြေးအားကောင်းတဲ့ ကားဝယ်ရ ကောင်းမလား။

၂။ ငါ ကောလိပ်ဆက်တက်ရ ကောင်းမလား၊ အလုပ် ဝင်လုပ်ရ ကောင်းမလား။

၃။ ငါ ပိုင်သောက်ရ ကောင်းမလား၊ ဘီယာသောက်ရ ကောင်းမလား၊ ရေသောက်ရ ကောင်းမလား။
ခင်ဗျားဘယ် ဆုံးဖြတ်ချက်မျိုးပဲ ချချ၊ အဲဒါ ကိုယ် လုပ်နိုင်တဲ့ တစ်ခုတည်းသော ကိစ္စပဲ။
ဒါမှမဟုတ်ရင် ခင်ဗျား ဝခြားဟာ တစ်ခုခု လုပ်မှာပဲ။
ကျွန်တော်တို့ လုပ်တာမှန်သမျှ ကျွန်တော်တို့ ရွေးလိုက် တာချည်းပဲ။

ဒီတော့ နောင်တရနေစရာ ဘာရှိလဲ။

ခင်ဗျားကိုယ်တိုင်လည်း ခင်ဗျား ရွေးချယ်လိုက်တဲ့ အတိုင်းဖြစ်လာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲလေဗျာ။

mgyoe.com

mgyoe.com

# ကုန်ကြမ်း

---

ဒီလူဟာ သူ့ခန္ဓာကိုယ်ကို သူဖြစ်စေချင်တာ တစ်ခုခု ဖြစ်လာအောင်လုပ်လို့ ရတယ်။

သူက စာပို့သမား ဖြစ်ချင်စိတ်ရှိချင် ရှိမယ်။ သဘောကောင်းတဲ့လူ ဖြစ်ချင်လည်း ဖြစ်မယ်။ မိတ်ဆွေကောင်းတွေ ပိုင်းပိုင်းလည်နေတဲ့ ခပ်တိုင်းငနဲ ပဲရှူးဆားလိုလူပေါ့။

သူက ဖိနပ်ကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာဖြစ်ချင်စိတ် ရှိချင်လည်း ရှိမယ်။

ဖဘတ်လိုက်မင်းသား၊ ဒါမှမဟုတ် ရုပ်ရှင်ဒါရိုက်တာ ဖြစ်ချင်စိတ်ရှိချင်လည်း ရှိနိုင်တာပဲ။

ဂျက်ပွာကားအပျံစားနဲ့ မြို့စွန်မှာ လုံးချင်းတိုက်တစ်လုံးနဲ့ နေတဲ့ ကုမ္ပဏီဒါရိုက်တာ ဖြစ်ချင်မယ်ဆို ဖြစ်နိုင်တယ်။

ဒါမှမဟုတ် ဂျက်ပွာကားနှစ်စီးရတဲ့ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ယောက်လည်း ဖြစ်နိုင်တယ်။

ဒီလူ ဘာလိုချင်၊ ဘာဖြစ်ချင်သလဲ။ သူ ဖြစ်လာ၊ ရလာမှာပဲ။

ဒါပေမဲ့ သူ့ လိုချင်ဖြစ်ချင်စိတ်ကရအောင် ထွက်ရှာ ထွက်လုပ်တဲ့အထိ လုံလောက်အားကောင်းဖို့တော့ လိုတယ်။


စိတ်ကူးယဉ်နေရုံ၊ ပါးစပ်က ပြောနေရုံနဲ့ ဘာတစ်ခုမှ လက်ထဲရောက်လာမှာ မဟုတ်ဘူး။

ကိုယ့်ဘဝ ရုပ်လုံးပေါ်အောင် ဆုံးဖြတ်ပြဌာန်းပေးနိုင်သူဆိုလို့ တစ်ယောက်တည်း ရှိတယ်။ ခင်ဗျားပဲပေါ့။

ခင်ဗျား ဘယ်လို လူစားဖြစ်လာမှာလဲ။

mgyoe.com

mgyoe.com



mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

# လှေကို လှုပ်ပါပေါ့



mgyoe.com

mgyoe.com


# မဆင်မခြင် လုပ်တတ်တဲ့ကိစ္စ

ကျွန်တော်တို့ ခပ်ငယ်ငယ်တုန်းက ရေကူးတတ်တာ မကူးတတ်တာ အပထား၊ ရေကန်တွေ့ရင် ခုန်ဆင်းကြတာပဲ။

ကျွန်တော်တို့ ကြောက်ရ လန့်ရမှန်း မသိကြဘူး။

ရေထဲကျတော့ ကူးနိုင်ရင် ကူး၊ မကူးနိုင်ရင် နစ်မှာ။

အသက်သုံးဆယ် မပြည့်ခင်မှာ ကျွန်တော်တို့အတွက် အရေးပါတဲ့ကိစ္စတွေ ဖြစ်လာတတ်တယ်။ ဒါတွေက ကျွန်တော်တို့ရဲ့ နောက်ပိုင်းဘဝကို ပုံဖော်ပေးမှာတွေပေါ့။

ပထမဦးဆုံး ဖြစ်လာမှာက ....
ကိုယ့်ကိုယ်ကိုယ်ရော၊ ကိုယ့်ကိုယ်ပိုင် အတွေးတွေကိုပါ ကျွန်တော်တို့ သတိထားမိလာမယ်။

ဆင်ခြင်တတ်တဲ့အရွယ်ရောက်ပြီ ဆိုပါတော့။

ဒုတိယ ဖြစ်လာမှာက ....
ကျွန်တော်တို့တွေ အသစ်တွေ့ရှိလာတဲ့ ရင့်ကျက်မှုနဲ့အတူ ပိုပြီး လူကြီးဆန်တဲ့နည်းနဲ့ ကျွန်တော်တို့ စဉ်းစားတွေးတောစ ပြုလာမယ်။

ကျွန်တော်တို့ လူလားမြောက်ပြီပေါ့။

ဆင်ခြင်တိုင်းဆမှု မရှိတာ၊ အရဲစွန့်တာတွေကလည်း အရွယ်နဲ့ မလိုက်ဖက်တော့ပါဘူး။


အရဲစွန့်ရတာဆိုရင် သေသေချာချာ စဉ်းစားသုံးသပ်ရမယ့် ကိစ္စမျိုး ဖြစ်လာပါလိမ့်မယ်။


mgyoe.com



mgyoe.com
mgyoe.com

# မှန်တမ်းသမား အောက်ဒီနဲ့ တွေ့ဆုံခန်း



mgyoe.com

mgyoe.com


လုပ်ငန်းအဖွဲ့အစည်းထဲမှာ အရဲစွန့်တာတွေ ဘာတွေမလုပ်တဲ့ မှန်တမ်းလုပ်တဲ့ပုဂ္ဂိုလ်က ငယ်ရွယ်နုပျိုစဉ်ကာလမှာ မြန်မြန်ဆန်ဆန် တက်လမ်းကြုံခဲ့ရတယ်။ စိတ်သဘောထား ပွင့်လင်းတယ်၊ အပြောအဆို ချိုသာ တယ်။ ရုပ်ရည်ကလည်း သနားကမားဆိုတော့ ဒီလို တက်လမ်းမျိုးနဲ့ ကြုံနိုင်တာပေါ့။

သူ့အထက်လူကြီးတွေက သူတို့အတွက်လည်း အပြန်အလှန်အကျိုးပြုတယ်ဆိုပြီး သူ့ကို ရာထူးတိုးပေးရတာ ကျေနပ်သဘောကျကြတယ်။

ဒီပုဂ္ဂိုလ်ဟာ ခပ်ပေါ့ပေါ့လုပ်လို့မရတဲ့ တာဝန်ရှိမှု စင်မြင့်ပေါ် ရောက်လာပါတယ်။

နောက်ပိတ်ဆုံးတော့ ခုအချိန်မှာ သူက မန်နေဂျာ ဖြစ်လာတယ်။

မန်နေဂျာဆိုပေမယ့် အငယ်တန်းအဆင့်ပါ။

သူ့လစာလည်း မြင့်လာတယ်။ လုပ်ရည်ကိုင်ရည်အရမဟုတ်ဘဲရာထူးအဆင့်အရ မြင့်တာပါ။ လူကလည်း ဘုတ်အဖွဲ့ထဲအထိ ရောက်လာတယ်။

ခုဆို ပူးတွဲ ဒါမှမဟုတ် ဒုတိယဦးဆောင် ညွှန်ကြားရေးမှူး ရာထူးနေရာခန့်ဖို့ အချိန်ရောက်လာပြီ။ ကျွန်တော်တို့ပုဂ္ဂိုလ်ကို ကုမ္ပဏီဝန်ထမ်းထဲမှာ လူကောင်းတစ်ယောက်လို့ သဘောထားကြပါတယ်။ ဒါပေမဲ့ သူက နည်းနည်းတော့ ဉာဏ်ရည်ထိုင်းတယ်။ အသစ်အဆန်းလည်း မတီထွင်တတ်ဘူး။ ကုမ္ပဏီရဲ့ ပုံရိပ်ဖြစ်လောက်တာဆိုလို့ ဘာတစ်ခုမျှ သူ မလုပ်ဖူးဘူး။

သူ့ဌာနမှာပဲ တော်တော်တော်တဲ့ လူငယ်တစ်ယောက် ရှိတယ်။ လစာက သူ့ရတာရဲ့ သုံးပုံတစ်ပုံလောက်ပဲ ရှိမယ်။ ဒီလူ့ကို ဝန်ထမ်းငယ်တွေက သဘောကျကြတယ်။

mgyoe.com

mgyoe.com


အသက်လေးဆယ်အရွယ် ကျွန်တော်တို့ပုဂ္ဂိုလ် အေးရောက်သွားတယ်။
အဲ ... လေးဆယ့်ခုနစ်နှစ်လည်းရောက်ရော၊ သူလည်း အလုပ်အပြင်ထိ ရောက်သွားပါလေရော။
သူဟာ လေ့ကားထိပ်ဆုံးထိ မရောက်ခဲ့ဘူး။ လမ်းခုလတ်မှာ ပြုတ်ကျပြီး ပြန်တက်လို့လည်း မရတော့ဘူး။
အမှားဆိုလို့ ဘာတစ်ခုမျှ မလုပ်မိပေမယ့် သူ့အတွက် ပွဲက သိမ်းသွားပြီ။
အဲဒါ ပြဿနာပဲ။
သူ မဟုတ်တာ ဘာတစ်ခုမျှ မလုပ်ခဲ့တာဟာ ... ဗျာ။



## ကိုင်း .... ဖြစ်ချင်ရာဖြစ်ဆိုတဲ့ အယ်ရီကာ့ကို ကြည့်ကြရအောင်

ငယ်ရွယ်သူတစ်ယောက်အနေနဲ့ သူ့မှာ ထူးထူးခြားခြား စွဲမက်စရာ အရည်အချင်းမျိုး မရှိပါဘူး။

သူက လုပ်ငန်းအဖွဲ့အစည်းထဲကပုံလည်း မပေါက်ဘူး။

သူက ကြက်ခေါင်းဆိတ်မခံဆိုတဲ့ အစားမျိုးထဲက၊ ဒါပေမဲ့ တက်တက်ကြွကြွ ရှိတယ်။ ရှာရှာဖွေဖွေ စိတ်ကူးမျိုးတွေ ဆိုလည်း ပေါက်ပေါက်ဖောက်သလို ထုတ်တတ်တယ်။ ဒီတော့ သူ့ကို အလုပ်ထဲမှာရှိနေအောင် ဆက်တော့ ထိန်းထားရတယ်။

သူ့စိတ်ကူးအများစုက လက်တွေ့နဲ့ မနီးစပ်ဘူး။ အဆန်း ထွင်လွန်းတာ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် လုံးဝ ကြောင်နေတာပဲ ဖြစ်ရမယ်။ ဒါပေမဲ့ ကုမ္ပဏီထဲက ဌာနတစ်ခုမှာရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက်က ပရမ်းပတာနိုင်လှတဲ့ သူ့အတွေးတွေထဲက တစ်ခုကို ကောက်သုံးပြီး၊ အဆင့်လည်း မြှင့်တင်ပေးလိုက် တယ်။ သူ့စိတ်ကူးက တစ်ခါတည်း သတိထားစရာ ဖြစ်သွား တယ်။ ဖြစ်မှာပေါ့။ ထူးခြားပြီး လတ်ဆတ်နေတာကိုး။

နောက်ထပ်သုံးနှစ်လောက်ဆက်ပြီး သုံးမရတဲ့ စိတ်ကူးတွေ

mgyoe.com

အတွဲလိုက် သူ ထုတ်တယ်။ လူကလည်း ပိုပြီး ဆတ်ဆတ်ကြဲဖြစ်လာတာနဲ့ အရေးယူခံရပါလေရော။

ခုအချိန်မှာ ထူးခြားတာက ဒီအလုပ်ကနေထွက်ရင် အလုပ်သစ်တစ်ခုရဖို့ အခက်အခဲရှိမယ်လို့ သူထင်ထားသလောက် မခက်တာပဲ။ ဘာကြောင့်လဲဆိုတော့ အရင် သုံးနှစ်လောက်ကသူထုတ်ခဲ့ဖူးတဲ့ စိတ်ကူးကောင်းတချို့ကို မှတ်မိတဲ့လူအတော်များများ ရှိနေတာကိုး။ သူတို့က အလုပ်မဖြစ်တာတွေပေါ်ကျော်ပြီး သာသာထိုးထိုး မြင်ပေးကြတယ်။

လစာထုတ်စာရင်းထဲ သူ့နာမည်ပါလာတာကိုက သူ ဝင်လုပ်တဲ့ ကုမ္ပဏီသစ်အတွက် စွဲမက်စရာ ဂုဏ်တစ်မျိုးတိုးလာသလိုပဲ။

ဒါပေမဲ့ အရင်ကလို အဖြစ်မျိုးနဲ့ ထပ်တိုးရပြန်တယ်။ သူလည်း တစ်ခါထပ်ပြီး အပြောအဆို ခံရပြန်တယ်။ ဒါပေမဲ့ ခုအချိန်မှာ သူ့ကို အမှတ်တရဖြစ်စေလောက်တဲ့ လုပ်ရပ်နှစ်ခုပေါ်ထွက်ခဲ့ပြီးပြီ။

ဒီမိန်းမက ဖြုတ်ပစ်လိုက်ပြီးရောဆိုတဲ့ အစားမျိုးထဲက မဟုတ်ဘူး။

သူ့ဘဝတစ်လျှောက်လုံး ဒီလိုချည်းပဲ။ အတက်အကျတွေ တသီကြီး။ အတက်ထက် အကျဘက်က ပိုတယ်။

ဒါပေမဲ့ သူ အသက်လေးဆယ်အရောက်မှာ သူ့ဘဝလမ်းကြောင်းက စံချိန်တင်ကောင်းတော့တာပဲ။

သူက လူလေးစားခံရတဲ့ ပုဂ္ဂိုလ်ဖြစ်လာတယ်။

ခုထိလည်း အယ်ရီကာတစ်ယောက်ကတော့ ဖြစ်ချင်ရာဖြစ်ပဲ။

ဒါပေမဲ့ ခါတိုင်းထက်ပိုပြီး သူ့ကို ပွဲတောင်းလာကြတယ်။ တောင်းမှာပေါ့။ သူက ပုံစံကိုက်ခေါက်ရိုးကျိုးနေတဲ့သူမှ မဟုတ်တာ။

mgyoe.com